Message Twelve

# ခရစ်တော်သည် ဆုလာဘ်နှင့် အပြစ်ပေးခြင်းနှင့်အတူ ကြွလာခြင်း၊ မှောင်မိုက်အရပ်မှာ ထွန်းလင်းသောမီးခွက်နှင့် ခရစ်တော်သည် မိုးသောက်ကြယ်အဖြစ် ကိုယ်တော်၏အောင်မြင်သောသူများထံ သီးသန့်လျှို့ဝှက်စွာ ပေါ်ထွန်းလာခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၂၂း၁၂၊ ၁၆။ ၂ပေ၊၁း၁၉

**I. "ငါသည် အလျင်အမြန် လာမည်။ ငါသည် ဆုလာဘ်ကို ဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်း ဆပ်ပေးမည်" - ဗျာ၊၂၂း၁၂။**

A. သခင်ဘုရားက " ငါသည်၊ အလျင်အမြန်လာမည်" ဟူသော သတိပေးစကားတော်ကို ထပ်ခါထပ်ခါ ပြောနေသည် (၃း၁၁။ ၂၂း၇)၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော် ပြန်ကြွလာသောအခါ ပေးအပ်မည့် ကိုယ်တော်၏ဆုလာဘ်ကို ဆင်ခြင်စဉ်းစားလာမည် ဖြစ်သည်။

B. သခင်ဘုရားကြွလာချိန်၌ ဤဆုလာဘ်သည် ယုံကြည်သူများတစ်ဦးစီထံ သူတို့ချီဆောင်ခံရပြီးနောက် ခရစ်တော်၏တရားပလ္လင်၌ ပေးအပ်လိမ့်မည်ဖြစ်သည် - ၂ကော၊၅း၁၀။ ၁ကော၊၄း၅။ ရော၊၁၄း၁၀။ မ၊၁၆း၂၇။

C. ဗျာဒိတ် ၂၂း၁၂ ရှိ "ဆုလာဘ်"ဟု ပြန်ဆိုထားသော ဂရိစကားလုံးသည် "အဖိုးအခများ"ဟု အဓိပ္ပာယ်ရသည်။

D. သခင်ယေရှုသည် နိုင်ငံတော်ကို ပိုင်ဆိုင်ရာ ပြန်ကြွလာသောအခါ ကိုယ်တော်ပိုင်ဆိုင်သောသူများအားလုံးကို ဆုလာဘ်ပေးမည် သို့မဟုတ် အပြစ်ပေးဆုံးမမည်ဖြစ်သည်။

1. အချို့သည် ကိုယ်တော်၏ အပြစ်ပေးဆုံးမခြင်းကို ရရှိလိမ့်မည်၊ အကြောင်းမှာ သခင်ဘုရား၏ စကားတော်က "ငါသည် ဆုလာဘ်ကို ဆောင်ခဲ့သည်" ဟူသည်မှာ ဆုလာဘ်သာမက၊ အပြစ်ပေးဆုံးမခြင်းလည်း ရှိနေကြောင်း ညွှန်ပြသည်။
2. ဤအရာကို စောင့်ထိန်းခြင်း၌ ဗျာဒိတ် ၂၂း၇ တွင် သခင်ဘုရားက "ငါသည် အလျင်အမြန် လာမည်။ ဤစာစောင်၏ ပရောဖက်စကားကို စောင့်ထိန်းသောသူသည် မင်္ဂလာရှိ၏"ဟု ကြေညာခဲ့သည်။
3. ဗျာဒိတ်ကျမ်း၏ ပရောဖက်ပြုချက်စကားများကို စောင့်ထိန်းသောသူသည် မင်္ဂလာရှိသည်၊ အကြောင်းမှာ သူသည် ဆုလာဘ် ရရှိလိမ့်မည်ဖြစ်သည်။
4. ထိုနေ့တွင် ကျွန်ုပ်တို့ရရှိမည့်ဆုလာဘ်သည် ယနေ့ ကျွန်ုပ်တို့၏စိတ်သဘောထားနှင့် များစွာ သက်ဆိုင်နေပါသည်။
    a. ကောရိန္သုပထမစာစောင် ၃း၈ တွင် ကျွန်ုပ်တို့သည် မိမိတို့လုပ်သည်အတိုင်း ဆုလာဘ်ခံရကြမည်ဟု ပြောထားသည်။
    b. မသဲ ၁၆း၂၇ တွင် သခင်ယေရှုက ကိုယ်တော်ပြန်ကြွလာသောအခါ ကျွန်ုပ်တို့အား မိမိတို့ပြုသည့်အတိုင်း ဆုလာဘ်ပေးလိမ့်မည်ဖြစ်ကြောင်း ပြောထားသည်။

E. ထာဝရကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏အလုပ်များနှင့် သက်ဆိုင်မှုမရှိပါ၊ သို့သော် နိုင်ငံတော် ဆုလာဘ်သည် ကျွန်ုပ်တို့ ကယ်တင်ခံရပြီးနောက် သခင်ဘုရား၏အသက်အားဖြင့် လုပ်ဆောင်ခဲ့သော အလုပ်များအတိုင်း လုံးလုံး ဖြစ်လိမ့်မည်။

F. ကယ်တင်ခံရသောသူအယောက်တိုင်းသည် ခရစ်တော်၏ တရားစီရင်ရာပလ္လင်ရှေ့မှာ ပေါ်လာရကြမည်၊ ထိုသို့ဖြင့် အယောက်စီတိုင်းသည် ကိုယ်ခန္ဓာဖြင့် ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ မိမိကျင့်သုံးလုပ်ဆောင်သမျှအတိုင်း လုပ်သည့်အရာများကို ရရှိကြမည်ဖြစ်သည်။ ကောင်းသောအရာကို ကျင့်သုံးလုပ်ဆောင်သောသူများသည် ဆုလာဘ်ကို ရရှိမည်ဖြစ်ပြီး၊ မကောင်းသောအရာကို ကျင့်သုံးလုပ်ဆောင်သူများသည် ဆုံးမခြင်းကို ရရှိမည်ဖြစ်သည် - ၂ကော၊၅း၁၀။

G. ကျွန်ုပ်တို့သည် တရားပလ္လင်ရှေ့မှာ ရပ်ကာ သခင်ဘုရားအား ကျွန်ုပ်တို့အတိတ်က အသက်ရှင်ခြင်း၊ လျှောက်လှမ်းခြင်းနှင့် ပြုမူခြင်းအားလုံးနှင့်စပ်လျဉ်း၍ စာရင်းရှင်းရကြမည်ဖြစ်သည်။ ဤအကြောင်းကြောင့် တမန်တော်ပေါလုကပင်လျှင် မိမိကိုယ်ကို မစစ်ဆေးမစီရင်ဝံ့ကြောင်း၊ သူ့ကို စစ်ဆေးစီရင်မည့်သူမှာ သခင်ဘုရားဖြစ်ကြောင်း ပြောခဲ့ခြင်းဖြစ်သည် - ၁ကော၊၄း၃-၄။

H. ကယ်တင်ခံရပြီးနောက် သခင်ဘုရားအတွက် ကျွန်ုပ်တို့အစေခံခြင်းနှင့် လုပ်ဆောင်ခြင်းနည်းလမ်းသည် ကြီးမားသည့် အကြောင်းအရာဖြစ်ပေသည်။

I. ပေါလုက "ထိုတိုက်မြစ် အပေါ်၌ ထပ်ဆင့်၍ တည်ဆောက်သော အကြင်သူ၏ အလုပ်သည် မြ၏။ ထိုသူသည် အကျိုးကို ခံရလိမ့်မည်"ဟု ပြောခဲ့သည် - ၃း၁၄။

J. သခင်ဘုရားပြန်ကြွလာသောအခါ တရားစီရင်ခြင်း ရှိလိမ့်မည်ဖြစ်သည်။ ထိုတရားစီရင်ခြင်း၌ ကိုယ်တော်က ကျွန်ုပ်တို့သည် ဆုလာဘ်ရမည်လော သို့မဟုတ် ဆုံးမခံရမည်လောဟူသည်ကို ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

K. ဆုလာဘ်ကို ခရစ်တော်၏ တရားစီရင်ရာပလ္လင်အားဖြင့် ဆုံးဖြတ်လိမ့်မည် - "ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာအားဖြင့် လုပ်ဆောင်ခဲ့သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း အသီးသီးခံခြင်းငှာ၊ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည် - ၂ကော၊ ၅း၁၀။

## II. "သာ၍ မြဲမြံသော ပရောဖက်စကားတော်သည် ငါတို့၌ ရှိသေး၏။ သင်တို့ စိတ်နှလုံး၌ အရုဏ်တက်၍ မိုးသောက်ကြယ် ပေါ်ထွက်သည်ကာလတိုင်အောင်၊ ထိုပရောဖက်စကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးကဲ့သို့ မှတ်၍၊ သင်တို့သည် အမှီပြုသင့်ကြ၏" - ၂ပေ၊၁း၁၉။

A. ပေတရုသည် ကျမ်းစာရှိ ပရောဖက်ပြုချက်စကားတော်ကို မှောင်မိုက်အရပ်မှာ ထွန်းလင်းသော မီးခွက်နှင့် ခိုင်းနှိုင်းထားသည်။

1. ဤသည်မှာ ဤခေတ်ကာလသည် အမှောင်ညအ၌ရှိသော မှောင်မိုက်နေရာဖြစ်၍ (ရော၊၁၃း၁၂)၊ ဤလောက၌ရှိသော လူသားအပေါင်းတို့သည် အမှောင်၌ လှုပ်ရှားလုပ်ဆောင်နေကြကြောင်း ညွှန်ပြနေသည်။

2. ယုံကြည်သူများအဖို့ ထွန်းလင်းသော မီးခွက်ဖြစ်သော ကျမ်းစာရှိ ပရောက်ဖက်ပြုချက်စကားသည် သူတို့၏မှောင်မိုက်၌ ဝိညာဉ်ဆိုင်ရာအလင်းကို ထွန်းလင်းပေး၍ (သူတို့၏ အသိစိတ်ဖြင့် သိမှတ်ခြင်းငှာ စာအသိသက်သက်မဟုတ်ပါ)၊ ထိုသူတို့အား သခင်ဘုရား ပေါ်ထွန်းတော်မူမည့် နေ့ရက်အထိ အမှောင်ညကို ဖြတ်ကျော်ကာ၊ တောက်ပသောနေ့အထဲသို့ ဝင်ရောက်ရန် ဦးဆောင်လမ်းပြပေးကြောင်းကို ဖော်ပြသည်။

3. နေမင်းအလင်းအဖြစ် သခင်ဘုရား ပေါ်ထွန်းထင်ရှားခြင်းမရှိမီတိုင်၊ ကျွန်ုပ်တို့၏ ခြေရှေ့၌ လင်းစေရန် အလင်းဖြစ်သော ဤနှုတ်ကပတ်တော်ကို ကျွန်ုပ်တို့လိုအပ်သည်။

B. *အရုဏ်တက်ခြင်း* (၂ပေ၊၁း၁၉) သည် တင်စားသရုပ်ဖော်ပြချက်ဖြစ်၍၊ ရောက်လာမည့်အချိန်သည် မိုးသောက်ကြယ် ထွက်ပေါ်လာခြင်းနှင့်အတူ အလင်း အပြည့်ထွန်းလင်းမည့် တောက်ပသောနေ့ဖြစ်ကာ၊ အရုဏ်မတက်မီတွင် ကျမ်းစာရှိ ပရောဖက်ပြုချက်စကားကို အလေးထားခြင်းဖြင့် ယုံကြည်သူများ၏ စိတ်နှလုံး၌ အလင်းပေးခြင်းနှင့် ထွန်းလင်းခြင်း ခံရခြင်းကို ပုံဆောင်သည်။

1. အယူတိမ်းသော အချိန်ကာလ၌ ယုံကြည်သူများသည် ဤအမှု၌ ကောင်းစွာ အလေးထားပြုမူခဲ့ကြသဖြင့် သူတို့အပေါ် နေ့အရုဏ်မတက်မီတိုင် ပရောဖက်ပြုချက်စကားသည် မီးခွက်အဖြစ် အယူလွဲသောအမှောင်ကာလတစ်လျှောက် ထွန်းလင်းနိုင်မည်ဖြစ်သည်။

2. ဤအရာက သူတို့အား သခင်ဘုရား၏ မျက်မှောက်တော်ကို လုံ့လရှိစွာ ရှာဖွေရန်နှင့် စောင့်ကြည့်နေခြင်းရှိရန် ခွန်အားပေးလိမ့်မည်၊ သို့မှသာ သူတို့သည် သူခိုးကဲ့သို့ ကြွလာတော်မူမည့် ကိုယ်တော်၏ လျှို့ဝှက်စွာ ကြွလာခြင်းအပိုင်း (ပါရိုးစီးယား) ၌ ကိုယ်တော်နှင့် လွဲချော်မှုမရှိ ဖြစ်နိုင်ကြမည်ဖြစ်သည်။

3. ဤတင်စားဖော်ပြချက်သည် ဤခေတ်ကာလ၏အမှောင်ညကို ဖြိုခွင်းထွန်းတောက်ရန် အလင်းထွန်းလင်းမည့် သခင်ဘုရား (အငယ်၊၁၆) က ဖြောင့်မတ်သော နေမင်းအဖြစ် (မာလ၊၄း၂) အရုဏ်တက်ထင်ရှားပေါ်ထွန်းခြင်း (ကြွလာခြင်း) နေ့တည်းဟူသော ရောက်လာမည့်ခေတ်၊ နိုင်ငံတော်ခေတ်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

4. ဤအရာမတိုင်မီ၊ ည၏အမှောင်မိုက်ဆုံးအချိန်၌ သခင်ဘုရားသည် မိုးသောက်ကြယ်အဖြစ် (ဗျာ၊၂း၂၈။ ၂၂း၁၆) ကိုယ်တော်၏ ချစ်ဖွယ်သော ပေါ်ထွန်းတော်မူခြင်းကို စောင့်ကြည့်ကာ ရှာဖွေနေသူများထံ (၂တိ၊၄း၈) ထင်ရှားပေါ်ထွန်းမည် ဖြစ်သည်။

5. သူတို့သည် အရုဏ်တက်မည့် နေ့သို့ ဦးဆောင်ပေးနိုင်သော ပရောဖက်ပြုချက်စကား၏ ထွင်းလင်းခြင်းအားဖြင့် အလင်းပေးခြင်း ခံခဲ့ကြပြီဖြစ်သည်။

6. အကယ်၍ ကျွန်ုပ်တို့သည် မှောင်မိုက်အရပ်၌ မီးခွက်အဖြစ် အလင်းထွန်းလင်းပေးသော သမ္မာကျမ်းစာရှိ နှုတ်ကပတ်စကားတော်ကို အလေးထားမည်ဆိုပါက၊ မိုးသောက်ကြယ်အဖြစ် ကိုယ်တော်၏ အမှန်တကယ် ပေါ်ထွန်းလာခြင်းမတိုင်မီ၊ ယနေ့ ကျွန်ုပ်တို့ရှိနေရာ အယူလွဲခြင်းမှောင်မိုက်၌ ထွန်းလင်းဖို့ ကျွန်ုပ်တို့စိတ်နှလုံး၌ ကိုယ်တော်၏ ပေါ်ထွန်းခြင်းရှိမည်ဖြစ်သည်။

**III. "ငါသည်ကား၊ ဒါဝိဒ်၏ အမြစ်ဖြစ်၏။ အနွယ်လည်းဖြစ်၏။ ထွန်းတောက်သော မိုးသောက်ကြယ်လည်း ဖြစ်၏" - ဗျာ၊၂၂း၁၆ခ။**

A. ကောင်းကင်ဆိုင်ရာအလင်းအိမ်များ၊ အလင်းများအားဖြင့် ပုံဆောင်သည့် ခရစ်တော်သည် ထွန်းတောက်သော မိုးသောက်ကြယ် ဖြစ်သည် - အငယ်၊၁၆ခ။

B. ကြွလာတော်မူခြင်း၌ ခရစ်တော်သည် သူ၏လူမျိုးတော်များအဖို့၊ ယေဘုယျအားဖြင့် နေမင်း ပေါ်ထွန်းလာသကဲ့သို့ ဖြစ်သော်လည်း (မာလ၊၄း၂)၊ ကိုယ်တော့်ကို ချစ်လျက် အထူး စောင့်မျှော်နေသူများအဖို့ ကိုယ်တော်သည် မိုးသောက်ကြယ်ဖြစ်ပေလိမ့်မည်။

C. နောက်ပိုင်းတစ်ခုသည် အောင်မြင်သူများအဖို့ ဆုလာဘ်ဖြစ်လိမ့်မည် - "မိုးသောက်ကြယ်ကိုလည်း ထိုသူအား ငါပေးမည်" - ဗျာ၊၂း၂၈။

D. ခရစ်တော်သည် ဒါဝိဒ်၏ အမြစ်နှင့် အနွယ်ဖြစ်ခြင်းမှာ အစ္စရေးလူမျိုးများနှင့် နိုင်ငံတော်သို့ ဆက်နွယ်နေ၍၊ ခရစ်တော်သည် ထွန်းတောက်သော မိုးသောက်ကြယ်ဖြစ်ခြင်းမှာ အသင်းတော်နှင့် ချီဆောင်ခြင်းသို့ ဆက်နွယ်နေသည်။

E. မိုးသောက်ကြယ်သည် အာရုံမတက်မီ၊ မှောင်မိုက်ဆုံး အချိန်၌ ထွန်းလင်းသည်။

F. ဘေးဒဏ်ကြီးကာလသည် အမှောင်မိုက်ဆုံးအချိန်ဖြစ်၍၊ ၎င်းနောက်တွင် နိုင်ငံတော် နေ့သည် အရုဏ်တက်လာမည်ဖြစ်သည်။ ဤသည်မှာ ခရစ်တော်သည် ဤခေတ်ကို အဆုံးမသတ်မီမှာ အမှောင်မိုက်ဆုံးအချိန်၌ ထွန်းတောက်သော မိုးသောက်ကြယ် အဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

G. နိုင်ငံတော်၌ သခင်ဘုရားသည် ကိုယ်တော်၏လူများထံသို့ နေမင်းအဖြစ် ထင်ရှားစွာ ပေါ်ထွန်းတော်မူမည်ဖြစ်သော်လည်း၊ ဘေးဒဏ်ကြီးကာလ မတိုင်မီတွင် ကိုယ်တော်သည် သူ၏ အောင်မြင်သူများထံသို့ သူတို့ကို ချီဆောင်ရန် မိုးသောက်ကြယ်အဖြစ် လျှို့ဝှက်စွာ ပေါ်ထွန်းတော်မူလိမ့်မည်။

H. ထွန်းတောက်သော မိုးသောက်ကြယ်သည် စောင့်ကြည့်နေသောသူများထံသို့သာ ပေါ်ထွန်းလာမည်ဖြစ်သည်။

I. ငိုက်မြည်းအိပ်ပျော်နေသော ယုံကြည်သူများသည် မိုးသောက်ကြယ်ကို မြင်ရလိမ့်မည်မဟုတ်ပါ။ သူတို့သည် ခရစ်တော်ကို ယေဘုယျနည်းလမ်း၌ နေမင်းအဖြစ်သာ မြင်ရကြလိမ့်မည်။

J. စောင့်ကြည့်နေသောသူများသည် ကိုယ်တော်ပြန်ကြွလာတော်မူချိန်၌ ကာလကြာရှည်စွာခွဲခွာပြီးနောက်မှ ကိုယ်တော်၏မျက်မှောက်တော် လန်းဆန်းသစ်လွင်မှုကို မြည်းစမ်းခံစားရန် ဦးစားပေးခံရလိမ့်မည်ဖြစ်သည်။

K. သမ္မာကျမ်းစာတစ်အုပ်လုံးသည် သခင်ဘုရား၏ကြွလာခြင်းအတွက် တောင့်တမှုဆန္ဒကို ဆုတောင်းချက်အဖြစ် ဖော်ပြလျက် နိဂုံးချုပ်ထားသည်။

L. ဗျာဒိတ် ၂၂း၂၀ ရှိ ယောဟန်၏ ဆုတောင်းချက်သည် သမ္မာကျမ်းစာရှိ နောက်ဆုံးသော ဆုတောင်းချက်ဖြစ်သည်။

M. "ငါသည် အလျင်အမြန် လာမည် မှန်ပေ၏ဟု ဤအရာများကို သက်သေခံသောသူ မိန့်တော်မူ၏။ အာမင်။ သခင်ယေရှု ကြွလာတော်မူပါ" - အငယ်၊၂၀။

*© 2025 Living Stream Ministry*